
ချိုသင်းမာ
သရဲဘုရင်ရဲ့ချစ်လှစွာသော ဇနီးဆိုးလေး
(ယွမ်လော့ဇုန်း)
(Chapter 1568 - 1585)
စာစဉ် (၇၄)

## အပိုင်း(၁၅၆၈)

## အရိုးစုတပ်နှင့် နောက်တစ်ကြိမ်တွေ့ဆုံခြင်း (၁)

အကယ်၍ သူ့မှာ ထိုလူလို မျက်နှာပြောင်တိုက်ရဲသည့် သတ္တိရှိလျှင် သူချစ်ရသော မိန်းကလေး၏ အချိန်မတိုင်မီ သေဆုံးခြင်းကို ရှောင်တိမ်းနိုင်လိမ့်မည်။

"ယွမ်ရှောင် သွားကြမယ်"

ယွမ်လော့ဖုန်းက သူ့မျက်နှာကို ငေးကြည့်လိုက်ပြီး သိမ်မွေ့စွာ ပြုံးလိုက်သည်။

ထို့နောက် လေးတွဲသော အသံဖြင့် စကားပြောလာလေသည်။

"ကောင်းပြီလေ"

ယွမ်ရှောင်က သူမနှင့် အကြည့်ချင်းဆုံခိုက် ပြုံးလိုက်ပြီး သူမ၏ခါးလေးကို ဖက်ထားလိုက်သည်။

သူတို့၏ခြေကို တစ်လှမ်းမျှ လှမ်းရုံဖြင့် မီတာတစ်ရာ အကွာအဝေးကို ရောက်သွားသည်။

"နေကြပါဦး"

အကြီးအကဲခေါင်းဆောင်က စိုးရိမ်တကြီး လှမ်းအော်လိုက်သည်။

သို့သော်လည်း သူတို့ရဲ့ပုံရိပ်က သူ မပြောခင်လေးမှာပင် ပျောက်ကွယ်သွားပြီ ဖြစ်သည်။

အကြီးအကဲခေါင်းဆောင် အခုတော့ ငါတို့က ပျင်းရိ ငြီးငွေ့ဖွယ်

ကောင်းသော နေရာက ထွက်သွားနိုင်ပြီ။

အားလုံး၏ စိတ်ထဲတွင် ပျော်ရွှင်မှုများ ပြည့်နှက်နေပြီး အကြီးအကဲ တစ်ယောက်တည်း စိုးရိမ်နေသည်

"ငါတို့ ဘိုးဘွားမဆုံးခင်က စကားတစ်ခွန်း ပြောခဲ့တယ် ဒီနေရာမှာ ကန့်သတ်ထားတဲ့ အစီအရင်ကို ဖယ်ရှားနိုင်တဲ့ မည်သူမဆို နတ်ဘုရား လွှတ်လိုက်တဲ့ ကယ်တင်ရှင်လို့ ပြောခဲ့တယ် ... ဒါပေမဲ့ အခုတော့ သူမက ထွက်သွားပြီ ငါတို့ ဘာဆက်လုပ်မလဲ"

ထိုစကားကို ချန်လုပ်ခဲ့သည့် ဘိုးဘေးတို့၏ စကားကို အကြီးအကဲ ခေါင်းဆောင် မသိသည်မှာ ပေါ်လွင်စေသည်။

ဘိုးဘေးက သူ့မျိုးဆက်သစ်များကို မျှော်လင့်ချက်ပေးခဲ့ခြင်း ဖြစ်သည်။

နှစ်ပေါင်းများစွာကြားမှ ယွမ်လော့ဖုန်း အမည်ရှိသည့် အမျိုးသမီးရောက် ရှိလာပြီး ဤတိုင်းပြည်ကို ကန့်သတ်ထားသည့် အစီအရင်ကို ဖယ်ရှားပစ် လိမ့်မည်ဟု ဘိုးဘေးကိုယ်တိုင် မသိရှိပေ။

နတ်ဘုရား ဂူသချိုင်းတောင်ပေါ်တွင် ပင်ခြေပိတ်ပေါင်းများ ပေါက်ရွယ်ဝ ပြီး တောင်ကြော တစ်ခုလုံးလုံးကို စွမ်းအား ပြင်းထန်သည့် အရှိန်အဝါများ ဖုံးလွှမ်းနေသည်။

အကယ်၍ ဤနေရာကို စွမ်းအားနိမ့်ပါးသည့်သူ ရောက်ရှိလာလျှင် တောင်ပေါ်တွင်ရှိသော အရှိန်အဝါများဖြင့် ကြောက်လန့် ချောက်ချားနေ လိမ့်မည်။

ပြောရမယ်ဆိုလျှင် ယွမ်လော့ဖုန်း အရမ်းကို ကံကောင်းလွန်းနေသည်။

စတက်လာစဉ်က အရိုးစုတပ်နှင့် တွေ့ဆုံပြီး ချောက်ကမ်းပါးအောက်သို့ ကျခဲ့ခြင်း ဖြစ်သည်။

ယခုလည်း နတ်ဘုရား ဂူသချိုင်းတောင်က ထွက်မည် ကြံရွယ်ရုံ ရှိသေးသည်။

သူမနှင့် တွေ့ဆုံခဲ့သည့် အရိုးစုတပ်နှင့် နောက်တစ်ကြိမ် တွေ့ဆုံရပြန်သည်။

အရိုးစုလက်နက်များ ကိုင်ဆောင်ထားသည့် အရိုးစုတပ်များသည် သူမတို့ရှိရာသို့ အမြန်ဆုံးနှုန်းဖြင့် ပြေးလာကြသည်။

ယွမ်ရှောင်က တစ်ရေး အိပ်ပျော်နေသည့် ပိုးကောင်ငယ်ကလေးကို ခံစားချက်ကင်းမဲ့စွာ အမိန့်ပေးလိုက်သည်။

"ဒီလူတွေအားလုံးကို တတ်နိုင်သမျှ မြန်မြန်ဖြေရှင်းလိုက်စမ်း"

"အမ်"

ပိုးကောင်ငယ်လေးက အရိုးစုတပ်များနှင့် တိုက်ပွဲဝင်ချင်သော်လည်း ယွမ်လော့ဖုန်းက ဟန့်တားလိုက်သည်။

"ကျွန်မနှင့် ဒီအရိုးစုတပ်ကြားမှာ ရန်ငြိုးတွေရှိတယ်"

ယွမ်လော့ဖုန်းက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"ဒါကြောင့် ကျွန်မကိုယ်တိုင် ရင်ဆိုင်မယ်"

နတ်ဘုရား ဂူသင်္ချိုင်းတောင်ပေါ် စတင် ရောက်ရှိခဲ့သည့် အချိန်က သူတို့နှောင့်ယှက်ခဲ့သည့် အချိန်ကို မမေ့ဖျောက်နိုင်ပေ။

ယခုတော့ သူမက ခက်ခက်ခဲခဲဖြင့် သူတော်စင် အရှင်သခင် အဆင့်ကို ရောက်ရှိခဲ့ပြီဖြစ်၍ သူမ၏ရန်ကြွေးကို သူမကိုယ်တိုင် လက်တုံ့ပြန်ချင်မိသည်။

အရိုးစုများက နာကျင်မှုကို မခံစားနိုင်သလို ဖျက်ဆီးပစ်၍ မရပေ။

ယွမ်လော့ဖုန်းက သူတော်စင် အရှင်သခင်ကို ဖြတ်ကျော်ပြီးသည့်တိုင် မ

သေဆုံးနိုင်သည့် အရိုးစုတပ်များကို သုတ်သင် ရှင်းလင်းပစ်ရန် ခက်ခဲနေတုန်းဖြစ်သည်။

"မဖြစ်သေးဘူး ဒီလိုသာထပ်ပြီး အချိန်ဆွဲနေရင် ငါထပ်ပြီး ခုခံနိုင်တော့မှာ မဟုတ်ဘူး"

ယွမ်လော့ဖုန်းက စိတ်ဝိညာဉ် ဆေးပင်ကို ဝါးစားခြင်းမရှိဘဲ မျိုချလိုက်သည်။

အားအင် ကုန်ခန်းနေသော သူမ၏ ခန္ဓာကိုယ်တွင် စိတ်ဝိညာဉ် စွမ်းအားများ တဖြည်းဖြည်း ပြန်လည် ရရှိလာသည်။

ယွမ်ရှောင်က သူမနှင့် သိပ်မဝေးသော နေရာတွင် မတ်တတ်ရပ်နေပြီး ယွမ်လော့ဖုန်း တိုက်ခိုက် နေသည်ကို တည်ငြိမ်သော မျက်နှာဖြင့် ရပ်ကြည့်နေသည်။

သို့သော်လည်း ယွမ်လော့ဖုန်းသာ ရှုံးခဲ့လျှင် သူကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ရန် ပြင်ဆင်နေပြီးသား ဖြစ်သည်။

"ရှောင်မို ဒီအရိုးစု တပ်တွေက သေပြီးတော့ ဘယ်လိုအရိုးစု တပ်ဖြစ်လာရတာလဲ သိလား"

ယွမ်လော့ဖုန်းက သူမ၏ နှုတ်ခမ်းလေးတွင် ရောက်ရှိနေသော သွေးစလေးများကို သုတ်လိုက်ပြီး

စိတ်ဝိညာဉ် စွမ်းအားမှ တစ်ဆင့် မေးမြန်းလိုက်သည်။

စိတ်ဝိညာဉ်အတွင်းမှ ရှောင်မို၏အသံက ထွက်ပေါ်လာသည်။

"အသေးစိတ်တော့ သေချာမသိဘူး တစ်ခုသတိထားမိတာကတော့ အရိုးစုတိုင်းရဲ့ မျက်ဝန်းထဲမှာ တစ္ဆေမီးလျှံတွေ ရှိနေတယ်"

"ဒါတွေက ဝိညာဉ်တွေပဲ ဒါပေမဲ့ အရိုးစုတွေရဲ့ ဝိညာဉ်တွေတော့ မဟုတ်

ဘူး"

ယွမ်လော့ဖုန်း မျက်တောင် ခတ်လိုက်ပြီး တွေးတောလိုက်သည်။ ရုတ်တရက် တစ်စုံတစ်ရာကို နားလည် သဘောပေါက်သွားပြီး သူမ၏ မျက်လုံးကို ချက်ချင်းပိတ်လိုက်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

သူမ၏ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော ဆူညံမှုများ ပျောက်ကွယ်သွားပြီး ကမ္ဘာပေါ်တွင် သူမ တစ်ယောက်တည်း ရှိသလို ခံစားလိုက်ရသည်။

******

## အပိုင်း(၁၅၆၉)

## အရိုးစုတပ်နှင့်နောက်တစ်ကြိမ် တွေ့ဆုံခြင်း (၂)

သူမ၏အနားကို အရိုးစုတပ်များ ရောက်ရှိလာသည်။

သူမမျက်လုံး ဖွင့်လိုက်သည်နှင့် ပြင်းထန်သော စွမ်းအားများ ချက်ချင်း ပေါက်ကွဲထွက်သွားသည်။

သိပ်မကြာခင်မှာပဲ အရိုးစုတပ်၏ မျက်ဝန်းထဲမှာ တစ္ဆေအမုန်းမီးလျှံများ လွင့်မျောသွားပြီး အရိုးစုတပ်များ၏ လှုပ်ရှားမှု ရပ်တန့်သွားသည်

တစ္ဆေအမုန်းမီးလျှံနှင့် ဝိညာဉ်သံသရာလည် မီးလျှံတို့ တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင် ယှဉ်ပြိုင် နေကြသည်။

ယွမ်လော့ဖုန်းက စိတ်မသက်မသာ ဖြစ်နေရသည်။

သူမထုတ်လိုက်သော ဝိညာဉ် မီးလျှံများက သူမ၏ ကိုယ်ပိုင်ဝိညာဉ်များ ဖြစ်သည်။

ယင်းတို့ကိုအသုံးပြု၍ အရိုးစုတပ်များကို ထိန်းချုပ်နိုင်အောင် ကြိုးစားနေခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ယွမ်လော့ဖုန်းသာ ရေနဂါးဝိညာဉ်ကို မစားသုံးခဲ့လျှင် အရိုးစုများကို ထိန်းချုပ်ဖို့ အန္တရယ်ရှိသည့် နည်းလမ်းကို လုပ်ဆောင်လိမ့်မည် မဟုတ်ပေ။

နောက်ဆုံးတော့ ယွမ်လော့ဖုန်း၏ ဝိညာဉ်မီးလျှံများက အနိုင်ရရှိသွားပြီး ပြိုင်ဘက် တစ္ဆေအမုန်း မီးလျှံများက ရှုံးနိမ့်သွားသည်။

ခဏလေးအတွင်း သူမ၏ ခန္ဓာကိုယ်က ပျော့ခွေသွားပြီး နွေးထွေးသော ရင်ခွင်ထဲသို့ ကျရောက်သွားသည်။

ယွမ်ရှောင်က သူမကို တင်းကျပ်စွာ ဖက်ထားပြီး သူ၏မျက်ဝန်းနက်မှ တစ်ဆင့် သူ၏ နှလုံးသား နာကျင်သည့် အရိပ်အယောင်များကို ရိပ်ခနဲ မြင်လိုက်ရသည်။

"ယွမ်ရှောင် ကျွန်မအဆင်ပြေပါတယ်"

ယွမ်လော့ဖုန်း ပြုံးလိုက်သည်။ ယွမ်ရှောင် ပြောလာမည့် စကားကို သူမ ကြိုသိနေသည်။

သူ့ဘက်က မပြောခင် အရင်ဆုံး သူမဘက်က ပြောလိုက်သည်။

"ကျွန်မရဲ့ဝိညာဉ်က ပြန်ကောင်းလာမှာပါ ရှင်အရမ်းစိတ်ပူဖို့ မလိုဘူး ... ပြီးတော့ ကျွန်မက အရာရာတိုင်း ရှင့်ကို အားကိုးလို့ မရဘူးလေ ရှင်နဲ့ ဘေးချင်းယှဉ်ပြီးတော့ တိုက်ပွဲဝင်ချင်တာလေ ... ဒါကြောင့် ရှင်နဲ့ တန်းတူဖြစ်အောင် ကျွန်မ ကြိုးစားနေပါတယ်"

ပွင့်ပွင့်လင်းလင်း ပြောရမည်ဆိုလျှင် ဒီရုပ်သေးရုပ်ဖြစ်သည့် အရိုးစုတပ်ကို နှိမ်နင်းရန် သူမမှာ ယွမ်ရှောင်ရှိသည်။

သို့သော်လည်း ယွမ်ရှောင်၏ အရည်အချင်းနှင့် ဒီရုပ်သေးရုပ် အားလုံးကို ဖျက်ဆီးပစ်လိမ့်မည် ဖြစ်သည်။

အကယ်၍ ဒီရုပ်သေးရုပ်များကို သူမအတွက် အကျိုးရှိသည့် နေရာမှာ အသုံးချလိုက်လျှင် အကူအညီဖြစ်နိုင်သည်။

နတ်ဘုရား ဂူသင်္ချိုင်းတောင်၏ တောနက်အတွင်း အမျိုးသမီးတစ်ယောက်သည် တင်ပျဉ်ခွေထိုင်ကာ တရားကျင့်ကြံနေပြီး ရုတ်ခြည်း သူမ၏ မျက်ဝန်းများကို ဖွင့်လိုက်သည်။

ထိုစဉ် သူမ၏ခံတွင်းမှ သွေးများ ပျို့အန်လာသည့် အပြင် သူမ၏ အသား ရောင်မှာလည်း ဖြူဖျော့လာသည်။

သူမ၏ မျက်ဝန်းကို ကြည့်ရုံဖြင့် ဒေါသမီးလျှံများကို ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။

"ဘယ်သူလဲ ... ဘယ်သူက ငါ့ရဲ့တစ္ဆေအမုန်း မီးလျှံကို ဝါးမျိုသွားပြီး ငါ့ရဲ့ အရိုးစုတပ်ကို ဘာလို့ ခိုးယူသွားရတာလဲ တရားခံကို ရှာတွေ့ရင် အလွတ်မ ပေးဘူး"

သူမက ထိုစကားကို မကျေမနပ် အံကြိတ်ပြီး ပြောလိုက်သည်။

သူမ၏ ကိုယ်ပိုင် ဝိညာဉ်များကို ဝါးမျိုသွားခဲ့သည့် အပြင် သူမကိုလည်း အတော်လေး ထိခိုက်စေခဲ့သည်။

ပြန်လည် ကောင်းမွန်ဖို့အတွက် အချိန်အတော် ကြာအောင် တရား ကျင့်ကြံရဦးမည်။

သူမကို ဒီလို ဘဝရောက်အောင် လုပ်တာ ခွင့်လွှတ်နိုင်မည် မဟုတ်ပေ။

ယွမ်လော့ဖုန်းက နတ်ဘုရား ဂူသင်္ချိုင်းတောင်၏ တောနက်ထဲတွင် ဖြစ် ပျက်ခဲ့သည့် အကြောင်းအရာများကို မသိနိုင်ပေ။

အရိုးစုတပ်ကို နှိမ်နင်းပြီးနောက် တောင်မှ ထွက်ခွာလာခဲ့သည်။

သို့သော်လည်း စုန်းကဝေ မျိုးနွယ်စု၏ အစီရင် လှုပ်ရှားလာသည်ကို ယွမ် လော့ဖုန်း အာရုံခံမိသည်။

"မော့ချမ့်ချိန်က အစီအရင်ကနေ ရုန်းထွက်ဖို့ ကြိုးစားနေတာလား"

ငင်းခံစားချက်ကြောင့် ယွမ်လော့ဖုန်း ဆတ်ခနဲ ဖြစ်သွားရသည်။

မော့ချမ့်ချိန်က ကျွယ်ချင်းကို နက်နက်ရှိုင်းရှိုင်း ချစ်မြတ်နိုးပြီး သူ့လက်မှ လွတ်မြောက်ရန် သူမကိုယ်သူမ ကျွယ်ချင်း ပြန်ဝင်စားသူဖြစ်ကြောင်း

လိမ်ညာ ပြောဆိုခဲ့သည်။ အကယ်၍ မော့ချမ့်ချိန်သာ အစီရင်မှ ရုန်းထွက်သွားနိုင်လျှင် ယွမ်ရှောင်၏ တည်ရှိမှုကို ရှာတွေ့သွားနိုင်သည်။

ထိုသို့ဖြစ်လျှင် မော့ချမ့်ချိန် ရှုးသွပ်သွားနိုင်သည်။

ဒါပေမဲ့ မော့ချမ့်ချိန်က အစီအရင်ရဲ့ အရေးကြီး မဏ္ဍိုင်ပါ ဘယ်လိုဖြစ်ပြီးတော့ အစီရင်က လှုပ်ရှားလာရတာလဲ။

မောချမ့်ချိန်က အစီအရင်ကနေ ရုန်းထွက်လို့မရဘူးလေ ဒါကဘယ်လိုဖြစ်ရတာလဲ။

ယွမ်လော့ဖုန်းရဲ့ နှလုံးသားလေး တဒိတ်ဒိတ်ခုန်လာပြီး တည်ငြိမ်လာအောင် ပြန်လည် ကြိုးစားနေရသည်။

သူမ၏စွမ်းအားကို တိုးတက်အောင် တတ်နိုင်သမျှ မြန်မြန်ကြိုးစားရမည်။

သူမ ရင်ဆိုင်ရမည့် ပြသနာများကို ရင်ဆိုင်နိုင်ရန် သူမ၏စွမ်းအားတိုးတက်မှ ဖြစ်မည်။

မော့ချမ့်ချိန်က ယွမ်ရှောင်ကို ထိခိုက်အောင် လုပ်ဆောင်ခွင့် မပြုနိုင်ပေ။

"သခင်"

ရှောင်မိုလည်း ထိုအကြောင်းအရာကို အာရုံခံမိ၍ သူ့အသံက အနည်းငယ်တုန်ယင်နေသည်။

"ဒါဆိုရင် မော့ချမ့်ချိန်က အစီရင်ကနေ လွတ်မြောက်ခါနီး ဖြစ်နေပြီပေါ့"

"မော့ချမ့်ချိန် မရောက်လာခင် ငါ့ရဲ့စွမ်းအား တိုးတက်အောင် အချိန်ပြည့် ငါကြိုးစားရမယ်"

ယွမ်လော့ဖုန်းက ယတိပြတ် ဆုံးဖြတ်လိုက်သည်။

ယွမ်ရှောင်က သူ့မျက်ခုံးလေးကို အနည်းငယ် ပင့်တင်လိုက်ပြီး ယွမ်လော့

ဖုန်းကို လှည့်ကြည့်ကာ မေးလိုက်သည်။

"ဘာဖြစ်လို့လဲ" ယွမ်လော့ဖုန်း လန့်ဖျပ်သွားပြီး မျက်နှာထားကို ပြန်ပြင်လိုက်သည်။

သူမ၏ မျက်ဝန်းများက သူမ၏အရှေ့တွင် ရှိသော အမျိုးသားလေးကို နက်နက်ရှိုင်းရှိုင်း ငေးမောကြည့်နေသည်။

"ယွမ်ရှောင် ရှင့်ကို ကျွန်မဘေးနားက ထွက်ခွာခွင့် မပြုနိုင်တော့ဘူး"

******